

JOHN STEINBECK
THE PEARL
တတိယအကြိမ်

# မြန်မာပြန်သူ၏ အမှာ

မူလဝတ္ထုကို ရေးသော ကမ္ဘာကျော် စာရေးဆရာကြီး ဂျွန်စတိန်းဗက် (John Stein Beck) သည် ယတ္တုတိုများ ရေးရာတွင် အထူးသဖြင့် ကျော်ကြားသူ တစ်ယောက်ဖြစ်ခဲ့၍ ပန်းချီဆရာ၏ အကူအညီ၊ လက်သမား ဆရာ၏ လက်ထောက်၊ ဆေးဆရာရာ၏ ဆေးစပ်သမား၊ သတင်းထောက်ကူလီမှ စ၍ ငယ်စဉ်မှာ ဆင်းရဲပြီးလျှင် အောက်သက်ကျေသူ တစ်ယောက် ဖြစ်၏။

ဆင်းရဲသား လောကို နှံ့စပ်စွာ နားလည်၏။

လူတို့ ၏ သဘာဝကိုလည်းကောင်း၊ လောက၏ ဖြစ်တတ်၊ ပျက်တတ်ပုံကိုလည်းကောင်း၊ ရေမြေ တောတောင်တို့ ၏ တည်နေပုံ၊ ဖြစ်ပျက်ပုံ၊ ဖောက်ပြန်ပုံတို့ ကို လည်းကောင်း၊ ကောင်းစွာ စူးစမ်း သိရှိသူ ဖြစ်၏။

ဆင်းရဲသားလောက၊ လူမွဲတို့ ဘဝကို ခရေစေ့တွင်းကျ လေ့လာခဲ့သူ ဖြစ်၏။

သူ၏ အရေးအသားမှာ ပြတ်သားပေါ်လွင်၍ တစ်မျိုးတစ်ဖုံ ဖြစ်ရာ ဘာသာပြန်ရာတွင် သူ၏ အရေးအသား၊ အဖြတ်အတောက်၊ ဟန်ပန်ကို အတုခိုးရလွန်းသဖြင့် ကျွန်ုပ်၏ ရေး "မူဟောင်း" ကိုပင် ထိခိုက်မည်လောဟု စိုးရိမ်မကင်း ဖြစ်မိသည် ။

သို့သော် မည်သို့ပင် ဖြစ်စေ၊ ကျွန်ုပ်သည် သူ၏ အရေးအသားများကို ဤဝတ္ထုဖြင့် တတ်နိုင်သမျှ အတုခိုးပြီးလျှင် အင်္ဂလိပ်စာမှ မြန်မာနက်သို့ ရှင်းလင်းစွာ ပြန်ဆိုအပ်ပါသည် ။

ဒဂုန်ရွှေမျှား

*****

## ဂျွန်အားနက်စတိန်းဗက်

## ( ၁၉၀၂ ခုနှစ် ဖွားမြင်သည် )

ဂျွန်အားနက်စတိန်းဗက်ကား အမေရိကန်လူမျိုးတစ်ယောက်ဖြစ်၍ ဝတ္ထုတိုများ ရေးခြင်းဖြင့် ပြဇာတ်များ ရေခြင်းတို့ ဖြင့် ထင်ရှား၍ ကျော်ကြားလာသူ ဖြစ်လေသည် ။

အမေရိကန်ပြည် ကာလီဖိုးနီးယားနယ်၊ ဆလီနပ်မြို့တွင် သက္ကရာဇ် ၁၉၂၁-ခု၊ ဖေဖော်ဝါရီလ ၂-ရက်နေ့၌ ဖွားမြင်၍ ထိုမြို့ရှိ အစိုးရအထက်တန်းကျောင်းတွင် ပညာရပ်များကို အခြေခံရခဲ့၏။

ထို့နောက် "စတင်းဖို့ "တက္ကသိုလ်တွင် တစ်နှစ်မျှ အကယ်ဒမီအထက်တန်းပညာရပ်များကို ဆည်းပူးပြီးလျှင် စာပေနယ်ပယ်သို့ ဝင်ခဲ့လေသည် ။

ဒုတိယကမ္ဘာစစ်ကြီး အဖြစ်တွင် သူသည် ထင်ရှားကျော်ကြားသော "ဒေလီအိပ်စပရက်" သတင်းစာတွင် စစ်သတင်းထောက်အဖြစ် ဝင်ရောက်အမှုထမ်းခဲ့၏။

သူ၏ အရေးအသားများမှာ အလွန်ဆွဲဆောင်အင်အားရှိသည့် ဇာတ်သဘော သက်ရောက်ပြီးလျှင် ပုံပြောကောင်းသူတစ်ယောက်အနေဖြင့် နာမည်ရခဲ့လေသည် ။

ရေးသားရာ၌ သူ၏ အဓိကအချက်မှာ ဆင်းရဲသားလူတန်းစားများ ဘဝအတွင်းသို့ ဝင်ရောက်ကာ သူတို့ ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးမှ စ၍ လူ့ဘဝကို ရင်ဆိုင်ရုန်းကန်ရပုံများ ၊ အခက်အခဲ၊ အတားအဆီးများ ရှုပ်ထွေးသောပြဿနာများကို သရုပ်ပေါ်အောင် ရေးသားခြင်းဖြစ်သည် ။

၁၉၂၉-ခုနှစ်တွင် "ရွှေခွက်"ဟူသော ဝတ္ထုကို ပထမဦးစွာရေး၍ "တော်ကီလာအိမ်ခန်း" ဝတ္ထုမှာ ၁၉၃၅-ခုနှစ်တွင် ထွက် လာလေသည် ။

ပိုမိုထင်ရှားသော အခြားဝတ္ထုများမှာ "လူနှင့် ကြွက်ဝမ်းဖြူများ " (၁၉၄၇) "ဒေါသ၏ စပျစ်ခိုင်များ "(၁၉၃၉) ဖြစ်၏။ မြောက်ဘက်ဒေသများတွင် "မကောင်းသောမြေယာများ "ဟူသော စာအုပ်ဖြင့် သူသည် ၁၉၄၀ -ခုနှစ်အတွက် ပူလစ်ဇာဆုကို ဆွတ်ခူးရရှိခဲ့သည် ။

"လမင်းကြီးကျဆင်းသွားပြီ"ဟူသော ဝတ္ထုမှာ ဂျာမာန်တို့ က "နော်ဝေး"တိုင်းပြည်ကြီးကို သိမ်းပိုက်ထားသည့် ဇာတ်လမ်းဇာတ်ကွက်ဖြစ်၍ အထက်ဖော်ပြပါ ဝတ္ထု ၃-ပုဒ်စလုံးကိုပင် ရုပ်ရှင်ရိုက်ကူး ပြသပြီး ဖြစ်လေသည် ။

သူသည် ယခုတိုင် ဝတ္ထုများကို ဆက်လက်ရေးသားလျက် "ကနေရီ-ရိုး"ဝတ္ထုကို ၁၉၄၅-ခုနှစ်၌ လည်းကောင်း၊ "ဝေးဝပ်ဘက်" ဝတ္ထုကို ၁၉၄

၇-ခုနှစ်၌ လည်းကောင်း ရေးသားခဲ့သည် ။

***

၁

တံငါသည် ကီနိုသည် မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ အမှောင်သည် လုံးဝမပျောက်သေးချေ။

ကြယ်ရောင်များမှာ တောက်ပလျက်ပင်ရှိသေး၍ မှေးမှိန်သောအလင်းရောင်များကား အရှေ့အရပ်မှာ လာ၍ နေချေပြီ။

တောကြီးကန်းများမှာ တဂတ်ဂတ်အော်မြည်လျက်ရှိရာ အိမ်၏ ပတ်ဝန်းကျင်တွင် အစာရှာဖွေရန် လာရောက်ကြသော ငှက်များ ၏ တရှူးရှူးအော်သံကိုလည်း ကြားရသည် ။

ဗျိုက်တောအတွင်းမှ ငှက်ကလေးများ သည် ကား သာယာစွာ တွန်မြည်လျက်ရှိကြသည် ။

ကီနို၏ မျက်လုံးများ သည် အလင်းရောင်ဝင်၍ လာသော ပြတင်းပေါက်ဘက်သို့ ကြည့်ရာမှ သူ၏ ရင်သွေး သားကလေး "ကိုယိုတီတို" ၏ ထင်းရှူးသေတ္တာငယ်ဖြင့် ပြုလုပ်ထားသော သစ်သား ပုခက်အလေးများ ဆီသို့ လှမ်း၍ ကြည့်လိုက်သည် ။

ထို့နောက် သူ၏ နံဘေးမှ ဖျာပေါ်တွင် အိမ်နေသော ဇနီးသည် "ဂျူအာနာ"ကိုလည်း လှမ်း၍ ကြည့်လိုက်သည် ။

အပြာနုရောင် စောင်စုတ်ကလေးသည် ဂျူအာနာ၏ ဦးခေါင်းနှင့် ရင်သားများကို လွှမ်းခြုံဖုံးအုပ်လျက်ရှိသည် ။

ကီနိုက ကြည့်လိုက်သောအခါ ဂျူအာနာ၏ မျက်လုံးများမှာ ပြန်၍ မှိတ်သွားသည် ။

ဂျူအာနာ၏ မျက်လုံးများကား အိပ်ရာမှ နိုးသည် နှင့် တစ်ပြိုင်နက် ကီနိုအား ကြည့်လေ့ရှိသည် ။

ကီနိုသည် ပင်လယ်ကမ်းခြေမှ လှိုင်းပုတ်ခတ်သံကလေးများကိုပင် ကြားရ၍ ယင်းတို့ မှာ သူ၏ နားတွင် သာယာသော ဂီတသံကလေးများ ဖြစ်သည့်အတိုင်း မျက်စိမှိတ်၍ နားထောင်နေ၏။

ခြံစောင်ကလေးသည် လေအေးမှ ကာကွယ်ရန် သူ၏ မျက်နှာပေါ်တွင် တစ်ပိုင်း တင်လျက်ရှိ၏။

သို့ရှိစဉ် သူ၏ နံဘေးမှ တစ်ရှပ်ရှပ်အသံများ ကြားရ၍ မျက်လုံးများကို ခပ်မှေးမှေး ဖွင့်ကြည့်ရာ အသံမကြားအောင် အိပ်ရာမှ ထလျက်ရှိသော ဂျူအာနာကိုမြင်ရ၍ ဂျူအာနာသည် ခြေတွင် ဖိနပ် တစ်စုံတစ်ရာမပါပဲ သားငယ် ကိုယိုတီတို ပုခက်ရှိရာသို့ ထသွားသည် ကို မြင်ရလေသည် ။

ပုခက်ဆီသို့ရောက်သောအခါ ကလေးအား ချော့မြူ၍ စကားတစ်ခွန်းမျှ ပြော လိုက်လေသည် ။ ကိုယိုတီတိုကား သေတ္တာငယ်အတွင်းတွင် မျက်လုံးကလေးအကြောင်သားနှင့် နိုး၍ နေလေပြီ။

သို့သော် မိခင်ကို တစ်ချက်မျှမော့ကြည့်ကာ အိပ်ရေးမဝသေးသည့်ဟန်ဖြင့် မျက်စိများကို ပြန်၍ မှိတ်ကာ အိပ်ပျော်သွားပြန်လေသည် ။

ဂျူအာနာသည် မီးဖိုရှိရာသို့ သွား၍ မီးသွေးအနည်းငယ်ကို အပေါ်မှ သစ်ရွက်ခြောက်များ ဖုံးကာ မီးမွှေးလေသည် ။

ထိုအချိန်၌ ကား ကီနိုမှာ အိပ်ရာမှ ထပြီဖြစ်၍ စောင်ကို သူ၏ ဦးခေါ

င်းနှင့် မျက်နှာကိုပါဖုံး၍ ခြုံထားလိုက်၏။

ထို့နောက် ခြေနင်းကို စွပ်လိုက်ပြီးလျှင် နံနက်မိုးသောက်ချိန်၏ အရသာကို ခံယူရန် အိမ်ပြင်သို့ ထွက်သွားလေသည်။

အိမ်ပြင်သို့ရောက်သောအခါ အတန်ငယ်အေးသည် နှင့် ဒူးဆစ်သို့ရောက်အောင် စောင်ကို ချလိုက်သည်။

ထို့နောက် ကီနိုသည် ပင်လယ်ဘက်သို့ လှမ်းကြည့်လိုက်ရာ ပင်လယ်ကွေ့ပေါ်မှ အပေါ်သို့ ထိုးတက်လာသော တိမ်တောင်တိမ်လိပ်များကို မြင်ရသည်။

ဆိတ်ကြီးတစ်ကောင်သည် တံခါးဆီသို့ပြေး လာပြီးလျှင် "ကီနို"အားတရှူးရှူးနှင့် အနံ့ခံပြီးနောက် အေးစက်သော မျက်လုံးဝါကြီးဖြင့် ကြည့်နေသည်။

ကီနို၏ နောက်အိမ်ကလေးအတွင်း၌ ကား ဂျူအာနာ၏ မီးဖိုမှ မီးတဖျတ်ဖျတ် တောက်နေပြီးလျှင် မီးရောင်မှာ အိမ်ကလေးအပြင်သို့ပင် ထိုးထွက်လျက်ရှိရာ အပုံနောက်ကျ၍ နေသော ပိုးဖလံတစ်ကောင်သည် ဂျူအာနာ၏ မီးဖိုအတွင်းသို့ ခုန်ဆင်းလိုက်သည်။

ထိုအချိန်၌ ဂျူအာနာသည် သူတို့ မိသားစုတွင် အမြတ်တနိုးထားသည့် သီချင်းတစ်ပုဒ်ကို ညည်းလျက်ရှိရာ နံနက်စာအတွက် မီးဖိုတွင် ဖုတ်ထားသည့် ပြောင်းဆန်ပေါင်မုန့်မှ အနံ့တစ်သင်းသင်းထွက်၍ နေလေသည်။

ထိုအချိန်၌ ကား မိုးစင်စင်လင်း၍ လာပြီဖြစ်၍ ကီနိုသည် ကိုယ်လက်သန့်စင်ပြီးနောက် ပင်လယ်ကွေ့ပေါ်မှ ပြူးထွက်လာသော နေဝန်းကို ကြည့်ကာ သာယာသော ရာသီဥတုကို ရှူမျှော်ခံစားလျက်၏။

ထိုအချိန်၌ ကား မီးဖိုမှ ကိတ်မုန့်နံ့ကလည်း ယခင်ကထက် ထွက်လျက်ရှိလေပြီ။

အိမ်ရှေ့သဲစပ်ရှိ မြေပြင်တွင် ပုရွက်ဆိတ်နက်များ သည် အုံဖွဲ့နေရာမှ တစ်ရွရွ လျှောက်သွားလျက်ရှိကြ၏။

ခွေးပိန်တစ်ကောင်သည် သစ်တုံးတစ်ခုပေါ်၌ မေးတင်ကာ ကီနိုက တစ်စုံတစ်ရာ ပြောလိုက်သည် တွင် အမြီးကို လှုပ်ယမ်းလေသည် ။

ထိုနံနက်ခင်းကား တစ်စုံတစ်ရာ ထူးခြားခြင်းမရှိ။ ခါတိုင်းကဲ့သို့ပင် သာယာသော နံနက်ခင်းတစ်ခုပင်တည်း။

ကီနိုသည် ကလေးပုခက်ကြိုးများ မြည်သံကြားလိုက်ရ၍ ကလေးကို ဂျူအာနာမှ ပွေ့ချီယူသွားကြောင်း လှည့်၍ မကြည့်ပဲ အသံကြားရုံမျှနှင့် သိလိုက်သည် ။

ဂျူအာနာသည် ကလေးအား ကိုယ်လက်သန့်စင်ပေး၍ သူ့ကိုယ်တွင် ခြုံထားသောစောင်ဖြင့် နောက်ကျောတွင် အထုပ်သဖွယ် ပိုးထားလိုက်၏။

ထို့နောက် ကလေးအား ချော့မြူရန် ရှေးသီချင်းတစ်ပုဒ်ကို သီဆိုလျက်ရှိသည် ။

သူတို့ အိမ် ခြံစည်းရိုး၏ ပတ်ဝန်းကျင်၌ ကား အခြားသစ်ရွက်မိုး အိမ်ငယ်ကလေးများ ရှိ၍ ယင်းတို့ မှ လည်း မီးခိုးများ ထွက်နေသည် ကို မြင်ရရာ နံနက်စာအတွက် ပြင်ဆင်နေကြဟန်တူ၏။

ကီနိုကား အသက်ငယ်၍ ကျန်းမာပြီးလျှင် ကြံ့ခိုင်တောင့်တင်း၏။

မဲနက်သော ဆံပင်သည် သူ၏ ညိုသောနဖူးပြင်ကို ဖုံးအုပ်လျက်ရှိ၏ ။

သူ့မျက်လုံးများမှာ မည်းနက်တောက်ပ၍ ရဲရင့်ခြင်း၏ အရိပ်အယောင်ကို ဆောင်လျက်ရှိ၏။

နှုတ်ခမ်းမွေးမှာ သေးငယ်၍ ကြမ်းတမ်းလှ၏။

နေရောင်ခြည်များ သည် အိမ်ပေါ်သို့ပင် ကျရောက် လာပြီဖြစ်၍ ကီနိုသည် မျက်နှာပေါ်မှ စောင်ကို ခွာချလိုက်၏။

ထိုအချိန်၌ ခြံစည်းရိုးပေါ်တွင် နားနေသော ကြက်နှစ်ကောင်သည် ဦးခေါင်းကို ညိတ်ကာ လည်ကိုဆန့်ကာ တောင်ပံများကို ရိုက်ခတ်လိုက်ကြ၏။

ကီနိုသည် ထိုအချင်းအရာများကို ကြည့်ရင်း ပင်လယ်ဘက်မှ တောင်တန်းဆီသို့ ပျံသန်းလာသော ချိုးငှက်ရိုင်းတစ်အုပ်ကို မြင်လိုက်ရ၏။

ကမ္ဘာကြီးတစ်ခုလုံးပင် အိပ်ရာမှ နိုးကြားလျက်ရှိပေပြီ။

ကီနိုသည် သူ၏ သစ်ရွက်မိုး အိမ်ကလေးထဲသို့ ပြန်၍ ဝင်သွားလေသည် ။

သူပြန်ဝင်သွားသောအချိန်၌ ဂျူအာနာသည် မီးဖိုးမှ ထ လာပြီးနောက် ကိုယိုတီတိုကို သေတ္တာငယ်ပုခက်အတွင်း၌ ပြန်၍ သိပ်ထား၏။

ထို့နောက် သူမဆံပင်ကို နောက်သို့လှန်၍ ချထားလိုက်ကာ နှစ်ခုခွဲ၍ ကျစ်ဆံမြီးကျစ်ပြီးသော် အဖျားတွင် အစိမ်းရောင် ဖဲကြိုးကလေးများကို ချည်ထားလိုက်သည် ။

ကီနိုသည် မီးဖိုအနီး၌ ဆောင့်ကြောင့်ထိုင်ကာ မုန့်ကို ပုန်းရည်ဖြင့် တို့ ၍ မြိန်ရှက်စွာစားလေသည် ။

ထို့နောက် သကြားအနည်းငယ် ထည့်ထားသော ရေကို အဝသောက်

ချလိုက်၏။ ဤကား သူ၏ နံနက်စာပင်တည်း။

အခါကြီးရက်ကြီးများမှ တစ်ပါ ဤအစာမှ လွဲ၍ မစားရချေ။

သူ စားသောက်ပြီးသောအခါ ဂျူအာနာသည် မီးဖိုသို့ပြန်လာ၍ ဤအတိုင်းပင် နံနက်စာကို စားသောက်ပြန်လေသည် ။

သူတို့ သည် အချင်းချင်း စကားတစ်ခွန်းနှစ်ခွန်းမျှသာ ပြော၏။

ဤကား သူတို့ ထုံးစံအတိုင်း ကီနိုသည် ကျေနပ်သည့် အမူအရာဖြင့် သက်ပြင်းတစ်ချက် ချလိုက်သည် ။

ထိုအချိန်၌ နေရောင်ခြည်များ သည် အိမ်နံဘေး၌ ကာရံထားသော သစ်ရွက်များကြားမှ အစင်းအကြောင်းများ ဖြစ်ကာ အိမ်တွင်းသို့ ထိုးဖောက်ဝင်ရောက် လာပြီးလျှင် နေရောင်စင်း တစ်ခုသည် ကိုယိုတီတိုအိပ်နေသော သစ်သားပုခက်နှင့် ပုခက်ကြိုးများ ပေါ် ကျရောက်လျက် ရှိလေသည် ။

ပုခက်ကြိုးတစ်ချောင်းပေါ်တွင် မည်းနက်သော အရာဝတ္ထုကလေး တစ်ခု လှုပ်ရှားနေသဖြင့် နှစ်ယောက်စလုံးပင် ထိုအရာဝတ္ထုကလေးကို စူးစိုက်ကာ အာရုံပြု၍ နေမိ၏။

ကီနိုနှင့် ဂျူအာနာတို့ ကား နေရာ၌ပင် မလှုပ်မရှားနိုင်လောက်အောင် ကြက်သေသေလျက် ရှိနေတော့၏

အိမ်အမိုးမှ ပုခက်ပေါ် တွဲထားသည့် ကြိုးပေါ်တွင် ကင်းမြီးကောက် တစ်ကောင်သည် တရွေ့ရွေ့ အောက်သို့ ဆင်းလျက်ရှိ၏။ ၎င်းအမြီးမှာ အပေါ်သို့ ကော့ထောင်လျက်ရှိလေသည် ။

ကီနိုသည် နှာခေါင်းဖြင့် အသက်ကိုပြင်းစွာ ရှူရှိုက်လိုက်၏။ ကျောက်ရုပ်ကဲ့သို့ မတုန်မလှုပ် ဖြစ်နေသော သူ၏ ကိုယ်ကို လှုပ်ရှားရန် ကြိုး

စား၏။

ထိုအတွင်း သူ၏ နားထဲတွင် သူတို့ လူမျိုးအလိုက် မင်္ဂလာမရှိသော သီချင်းသံကို နားထဲတွင် ကြား၍ နေဘိသကဲ့သို့ရှိ၏။

ကင်းမြီးကောက်က ကြိုးတစ်လျှောက်မှ အောက်သို့ဆင်းနေလေပြီ။

ဂျူအာနာလည်း မည်သို့မျှမလုပ်နိုင်ဘဲ ကိုယ်ကို ကြိုးများ တုပ်နှောင်ထားဘိသကဲ့သို့ တစ်ကိုယ်လုံး လှုပ်ရှားမရဖြစ်နေ၏။

ဘေးဥပဒ်မှ ကာကွယ်နိုင်ရန် လူမျိုးအလိုက် ဂါထာမန္တန်များကို ရွတ်လိုက်မိ၏။ သို့သော် ကီနိုကား လှုပ်ရှား၍ မရချေ။

သူသည် ပုခက်ရှိရာသို့ အသံမကြားအောင် ခြေဖျားထောက်၍ သွား၏။

လက်နှစ်ဘက်ကို ကိုယ်၏ ရှေ့တွင် ဆန့်တန်းကာ တရွေ့ရွေ့သွားလေရာ သူ၏ မျက်လုံးများမှာ ကင်းမြီးကောက်ကိုသာ စူးစူးစိုက်စိုက်ကြည့်ရှုလျက်ရှိလေသည် ။

သေတ္တာကလေးအတွင်း၌ ကား ကိုယိုတီတိုသည် ပြုံးရွှင်ရယ်မောကာ လက်ကလေး နှစ်ဘက်ကို ယှက်၍ မြှောက်ကာ ကင်းမြီးကောက်ရှိရာသို့ ကမ်းလျက်ရှိ၏။

ကီနိုသည် လက်တစ်လှမ်းအတွင်းသို့ ရောက်လေရာ ကင်းမြီးကောက်သည် အနံ့တစ်စုံတစ်ရာ ရသကဲ့သို့ ရုတ်တရက် ရပ်လိုက်သည် ။

အမြီးကောက်ကလေးကို ယခင်ကထက် ဖျစ်ညှစ်၍ ကောက်လိုက်သည် ။ အဖျားတွင် အဆိပ်များ သည် ပြောင်လျက်ရှိ၏။

ကီနိုသည် မလှုပ်မယှက်ရှိနေ၏။ နားထဲတွင် ဂျူအာနာ ရွတ်ဆိုသော

ဂါထာမန္တန်များကို ကြားရ၏။ ကင်းကလေး မလှုပ်သမျှ သူလည်း မလှုပ် ရှားနိုင်ချေ။

ကီနို၏ လက်သည် ဖြည်းညင်းစွာနှင့် အသံမကြားအောင် ရှေ့သို့ လှမ်းလိုက်၏။

ကင်း၏ အမြီးကလေးသည် ဆက်ခနဲ အပေါ်သို့ ထောင်လိုက်၏။

ထိုခဏ၌ ကိုယိုတီတိုသည် ပုခက်ကြိုးကို လက်ကလေးဖြင့် လှုပ်လိုက်ရာ ကင်းမြီးကောက်သည် ပုခက်ထဲသို့ ကျသွားလေတော့သည် ။

ကီနို၏ လက်သည် ကင်းမြီးကောက်ကိုဖမ်းရန် လက်လှမ်းလိုက်သေး၏။ သို့သော်... မမိလိုက်ချေ။

ကင်းမြီးကောက်သည် သူ့လက်မှ လွတ်ထွက်ကာ ကိုယိုတီတို၏ ပခုံးစွန်းပေါ်သို့ ကျရောက်ကာ အမြီးဖြင့် ထိုးနှစ် လိုက်လေသည် ။

ကီနို၏ လက်သည် ကင်းမြီကောက်ပေါ်သို့ ရောက်သွားပြီးလျှင် တစ်ခါတည်း ဖမ်းယူလိုက်ကာ လက်ဝါးနှစ်ဖက်နှင့် ပွတ်ချေလိုက်ပြီးနောက် မြေပေါ်သို့ ပစ်ချ လိုက်လေ၏။

ကိုယိုတီတိုသည် နာကျင်လှသဖြင့် ကိုယ်ကလေးကို တစ်ချက်ကော့ကာ စူးစူးဝါးဝါး ဟစ်အော်၍ ငိုလိုက်၏။

ကီနိုသည် ကင်းမြီးကောက်ကို အမှုန့်ဖြစ်အောင် ခြေဖြင့်နင်းချေလိုက်ပြီးနောက် မျက်လုံးပြူးကာ အံကြိတ်၍ ဒေါသစိတ်မွှန်လျက်ရှိလေသည် ။

ထိုအချိန်၌ ဂျူအာနာသည် ကလေးကို ပွေ့ချီယူ လိုက်လေပြီ။

ကိုယိုတီတို၏ ပခုံးစွန်းတွင် ရဲရဲနီလျက်ရှိသော အပေါက်အလေးတ

စ်ခုကို တွေ့ရ၍ ပါးစပ်နှင့် အပေါက်ကလေးကို စုတ်ယူလေ၏။

ထို့နောက် တံတွေးထွေးလိုက်ကာ ပြန်၍ စုပ်ယူပြန်လေသည်။

ကိုယိုတီတိုကား တစ်ဝါးဝါးငိုလျက်ပင် ရှိသည်။

ကီနိုကား ဆောက်တည်ရာမရ ရှိတော့သည်။

ကလေးငိုသံကြောင့် အိမ်နီးချင်းများ ရောက်လာကြ၏။

သစ်ရွက်မိုးတဲကလေးများ အတွင်းမှ အလျှိုအလျှို ထွက်လာကြ၏။

ထိုအထဲတွင် ကီနို၏ အစ်ကို "တောမတ်"လည်း ပါ လာလေသည်။

သူ၏ ဇနီးသည် "အပိုလိုနီယာ"သည် လည်း လိုက်လာသည်။

သူတို့ ၏ ကလေး ၄ယောက်လည်း သူတို့ နှင့်အတူပါလာ၍ တံခါးဝတွင် ပိတ်ဆို့လျက် ရှိကြသည်။ အိမ်နီးချင်းများ သည် ကလေးများ နောက်မှ အိမ်ထဲသို့ ခေါင်းပြူ၍ ကြည့်ကြရာ ကလေးတစ်ယောက်မှာ လူကြီးများ ၏ ခြေထောက်ကြားထဲမှ အိမ်ထဲသို့ပင် ရောက်လာသည်။

ရှေ့ဆုံးမှ လူတစ်ယောက်က အကျိုးအကြောင်းသိသွားသဖြင့် "ကလေးကို ကင်းမြီးကောက် ထိုးလို့ "ဟု တီးတိုးပြန်၍ လှည့်ပြောလိုက်ရာ ထိုစကားသည် မကြာမီ အနီးမှ တဲများအားလုံးသို့ ပျံ့နှံ့သွားတော့သည်။

ဂျူအာနာသည် ကလေး၏ အနာကို ပါးစပ်ဖြင့် စုပ်ယူလျက်ရှိရာမှ ခေတ္တရပ်လိုက်၏။ အပေါက်ကလေးမှာ အတန်ငယ်ကျယ်၍ လာပြီးလျှင် ပါးစပ်ဖြင့် စုပ်ယူခြင်းကြောင့် နှုတ်ခမ်းသားများမှာ ဖြူဖျော့၍ လာသည်။

သို့သော် အပေါက်၏ နံဘေးပတ်လည်တွင် အကျိတ်ကဲ့သို့ မာကျောကာ အတန်ငယ်ဖူးရောင်၍ လာလေသည်။

ထိုသူများက ကင်းမြီးကောက်အကြောင်းကို ကောင်းစွာသိ၏။

လူကြီးတစ်ယောက်အား ထိုးလိုက်က ဖျားတတ်ရုံမျှထက် မပိုသော်လည်း ကလေး တစ်ယောက်ဖြစ်ခဲ့သော် အဆိပ်တက်၍ သေစေနိုင်၏။

ပထမတွင် ထိုးသည့်ဒဏ်ရာမှ ဖူးရောင် လာပြီးလျှင် အပြင်းဖျား တတ် လာပြီးနောက် လည်ချောင်းတွင် ကျပ်တည်းပိတ်ဆို့၍ လာတတ်၏။

လည်မျိုတစ်လျှောက် အကျိတ်ဖြစ်ကာ အစာမစားနိုင်ပဲ သေဆုံးတတ်လေသည် ။

ယခုမူ ကိုယိုတီတိုမှာ နာကျင်ခြင်းမှ သက်သာလာသည့်ဟန်ဖြင့် ယခင်ကဲ့သို့ ထွန့်ထွန့်လူး မငိုတော့ဘဲ တစ်ဟီးဟီးညည်းရုံမျှ ညည်းတွားလျက်ရှိလေသည် ။

ကီနိုသည် သူ့ဇနီးသည် ဂျူအာနာ၏ သည်းခံတတ်သော်လည်း နူးညံ့သော စိတ်သဘောကို သိ၏။

ဂျူအာနာသည် သစ္စာရှိ၍ လင်ကို ရိုသေ၏။ သာသာကြည်ကြည် နေတတ်ပြီးလျှင် ချုပ်တည်းနိုင်သော စိတ်ဓာတ်ရှိ၏။

ငါးမျှားရန်နှင့် ပုလဲငုပ်ရန် တုန်ကင်းကို လှော်ခတ်သွားသော အခါများ ၌ ဂျူအာနာသည် ယောကျ်ားကြီး တစ်ယောက်ကဲ့သို့ သန်စွမ်း၏။

သို့နှင့် သူသည်

"ဆရာဝန်ခေါ်မှ ပဲ။ ဆရာဝန်သွားခေါ်ပါ..."

ကီနိုအား လှမ်း၍ ပြော လိုက်လေသည် ။

ထိုစကားသည် သစ်ရွက်မိုးအိမ်ကလေးနှင့် ခြံစည်းရိုးများ နောက်ရှိ

မြေကွက်လပ်ပေါ်တွင် စုရုံးရပ်နေကြသော ဆင်းရဲသားလူစု၏ နားနှင့်ပါးစပ်ဖျားသို့ ရောက်သွား၏။

သို့နှင့် အချင်းချင်း "ဂျူအာနာက ဆရာဝန်ခေါ်ချင်လို့ တဲ့ "ဟု တစ်ဦးမှ တစ်ဦးသို့ ပြောကြားလိုက်၏။

ဆရာဝန်ခေါ်သည် ဆိုသော စကားမှာ သူတို့ ဆင်းရဲသားလောကအတွက် စကားအဆန်း တစ်ခု ဖြစ်၏။

ဆရာဝန်တစ်ယောက်ရဖို့ အရေးမှာ သူတို့ အဖို့ မဖြစ်နိုင်လောက်သော အရာတစ်ခုကဲ့သို့ ဖြစ်၏။

ဆရာဝန်သည် ဖက်ရွက်မိုးတဲငယ်များ တွင် နေထိုင်သည့် တံငါသည် များ ထံသို့ မည်သည့်အခါမျှ လာမည်မဟုတ်ပေ။

မြို့တွင် ကျောက်တိုက်များ ၊ အုတ်တိုက်များ နှင့်နေသည့် လူချမ်းသာများ ထံသို့သာ သွားမည် မဟုတ်ပါလော။

သို့နှင့် ကွင်းပြင်တွင် စုရုံးနေသည့်သူများက "ဆရာဝန်လာမှာ မဟုတ်ပါဘူး"ဟု သူ့အား ပြောသကဲ့သို့ ညည်းညူလိုက်ကြလေသည် ။

"ဆရာဝန်လာမှာ မဟုတ်ပါဘူးဆိုပါကလား"ဟု ကီနို၏ စိတ်ထဲတွင် အတွေးပေါက်၍ သွားသည် ။

သို့နှင့် ကီနိုက သူ၏ ဇနီးသည် ဘက်သို့လှည့်လိုက်ကာ...

"ဆရာဝန်လာမှာ မဟုတ်ဘူး "ဟု ပြော လိုက်လေသည် ။

ဂျူအာနာသည် ကီနိုအား မျက်လုံးကြီးများ ဖြင့် လှန်၍ ကြည့်လိုက်သည် ။

သူ၏ မျက်လုံးများမှာ ခြင်္သေ့တစ်ကောင်၏ မျက်လုံးများကဲ့သို့ ရှိနေ

လေသည် ။

ကိုယိုတီတိုကား ဂျူအာနာ၏ ပထမဦးဆုံးသားဦးဖြစ်သည် ။

ကမ္ဘာပေါ်တွင် မိခင်မှန်သမျှ "သားဦး"ထက် ချစ်သော အရာဟူ၍ မရှိချေ။

ကိုယိုတီတိုကား ဂျူအာနာ၏ အသက်ပင်တည်း။ ကီနိုသည် ဇနီးသည် ၏ စိတ်ထက်သန်ပုံ၊ စိတ်နှလုံးကို တုံးတုံးချလိုက်ပုံတို့ ကို သိ၏။

သူတို့ ၏ အမျိုးအနွယ်အလိုက် ဆင်းသက်လာသည့် အမျိုးကို ချစ်ခင်စောင့်ထိန်းသော ဂီတတေးသံသည် သူ၏ နားအတွင်းသို့ ဝင်ရောက်လာဟန်တူ၏။

"ဒီလိုဆိုရင် ကျုပ်တို့ သူ့ဆီသွားတာပေ့ါ"

ဟု ဂျူအာနာက ပြောလိုက်သည် ။

သို့ပြောဆိုပြီးနောက် ဂျူအာနာသည် ခြုံထားသော တဘက်ကို ယူကာ တစ်ဘက်စကို ကလေးအား ကျောပိုးရန် အခြားတစ်ဖက်သို့ အပေါ်မှ နေကွယ်ရန် ပြုလုပ်လေသည် ။

ထို့နောက် ကလေးကို လွယ်ကာ အိမ်အပြင်သို့ ထွက်ရာ လူအုပ်ကြီးသည် ရှဲ၍ ပေးလိုက်၏။

ကီနိုက နောက်မှ လိုက်၏။

သို့နှင့် သူတို့ သည် ခြံတံခါးမှ ထွက်ကာ မညီညာသော လမ်းပေါ်မှ လျှောက်သွားလေရာ ဆင်းရဲသားလူအုပ်ကြီးလည်း သူတို့ နောက်မှ လိုက်ပါသွားလေသည် ။

ဤကိစ္စမှာ ရပ်ရွာကိစ္စ ဖြစ်သည့်အတိုင်း ရွာသူရွာသားများ သည် မြို့

အထိ လိုက်ပါသွားကြ၏။

မြို့အလယ်တွင် သူတို့ ၏ လူစုသည် အခမ်းအနား တစ်စုံတစ်ရာ လှည့်လာသကဲ့သို့ ခြေဖျားကို ဖော့၍ နင်းကာ တစ်စုတစ်ရုံးကြီး လျှောက်သွားကြ၏။

ဂျူအာနာက ကလေးကိုပိုက်ကာ ရှေ့ဆုံးမှ လည်းကောင်း၊ သူ့နောက်မှ ကီနို၊ သူ၏ နောက်မှ တောမတ်နှင့် အပိုလိုနီယာတို့ က လိုက်ပါလာကြရာ သူတို့ နောက်မှ သားတွဲလဲ၊ မြေးတွဲလဲနှင့် အိမ်နီးနားချင်း ရွာသူရွာသားတို့ က လိုက်ကြလေသည် ။

အဝါရင့်အဆင်းရှိသော နေရောင်သည် သူတို့ ၏ အရိပ်များကို နောက်ဘက်သို့ ထိုးထွက်စေ၏။

သူတို့ သည် တဲများ ရှိသော နေရာဆုံး၍ အုတ်များ ၊ ကျောက်များ အရောင်တင်ထားသည့် သစ်သားများ ဖြင့် ဆောက်ထားသည့် အိမ်များ ရှိရာသို့ ရောက်လာကြ၏။

ထိုနေရာများ ၌ ကား အိမ်များ ပတ်လည်တွင် အုတ်တံတိုင်းကြီးများ ကာရံလျက် အတွင်းတွင် အေးမြသော ဥယျာဉ်များ ရှိ၏။

ဥယျာဉ်များ ထဲ၌ ကား ရေပန်းများ ရှိ၍ ပန်းနွယ်ပင်များ သည် သစ်သားခုံများကို လိမ်တက်ကာ လှပသော အဖြူရောင်၊ အုတ်ခဲရောင်၊ မရမ်းရောင် ပန်းကလေးများ ဖြင့် ဝေဝေဆာဆာပွင့်လျက်ရှိ၏။

တချို့နေရာများ ၌ ဥယျာဉ်ထဲတွင် လှောင်ချိုင့်ဖြင့် မွေးထားသော ငှက်ကလေးများ ရှိရာ ယင်းတို့ ၏ သီချင်းသံကလေးများ သည် ကြည်နူးဖွယ်ကောင်းလှ၏။

ကီနိုနှင့် ဂျူအာနာတို့ ပါဝင်သော တောတွင်းသားလူအုပ်ကြီးသည် ရ

ပ်ရှင်ရုံတစ်ရုံရှေ့မှ ဖြတ်ကာ ဘုရားရှိခိုးကျောင်း တစ်ကျောင်းကို ကျော်လွန်၍ သွားလေသည်။

ဤသို့ဖြင့် "ကလေးတစ်ယောက်ကို ကင်းမြီးကောက်ထိုးလို့ ဆရာဝန်ဆီလာကြတာ၊ ကလေးအမေရော၊ အဖေရောပါလာတယ်..."ဟူသော သတင်းကို မြို့ထဲမှ လူအချို့ပင် သိသွားကြလေပြီ။

ဘုရားရှိခိုးကျောင်းအနီးမှ သူတောင်းစားတစ်အုပ်သည် ဟောင်းနွမ်းသော တဘက် တစ်ထည်ဖြင့် ကလေးကို လွယ်ထားသော ဂျူအာနာကိုလည်းကောင်း၊ ရေအထပ်ထပ် လျှော်ဖွတ်ထားသဖြင့် အသွေးအရောင် လွင့်နေသည့် အင်္ကျီကို ဝတ်ထားသူ ကီနို၊ အားလုံး သူတို့နောက်မှ လိုက်ပါလာသည့် တံငါသည် များကိုလည်းကောင်း မြင်ရရုံနှင့် လူကဲခတ်လိုက်ပြီ။

သို့သော် လူအုပ်ကြီးမှာ အထူးအဆန်းတစ်ခုကဲ့သို့ ဖြစ်သဖြင့် အချို့နောက်ယောင်ခံ၍ လိုက်သွား၏။

သူတောင်းစားများကား ဘုရားရှိခိုးကျောင်းသို့ မှီခိုကပ်နေသူများ ဖြစ်၍ မြို့ထဲမှ မည်သူ့ကိုမဆို သိကြသူများ ဖြစ်၏။ ဆရာဝန်ကိုလည်း သိ၏။

ပညာပင်မရှိသော်လည်း မာနကြီး၍ လောဘထွက်တတ်သော မျက်နှာဖြူဆရာဝန်ကြီး အကြောင်းကို ဇာစ်မြစ်မှ စ၍ သိထားသူများ ဖြစ်လေသည်။

သို့ဖြင့် နောက်ဆုံး၌ လူအုပ်ကြီးသည် ဆရာဝန်၏ အိမ်ကိုဝိုင်းထားသည့် တံတိုင်း၏ တံခါးပေါက်ဝကို ရောက် လာလေသည်။

သူတို့ သည် ဥယျာဉ်အတွင်းမှ ကျောက်ဖြူချပ်များ ပေါ်သို့ ရေပန်းမှ

ရေများ ကျဟန်ကိုလည်းကောင်း၊ လှောင်အိမ်အတွင်းမှ ငှက်ကလေးများ ၏ သီချင်းဆိုသံကို လည်းကောင်း ကြားရ၏။

ချက်ပြုတ်နေသော အိမ်နောက်ဖေးဆောင် မီးဖိုအတွင်းမှ ဝက်ပေါင်ခြောက်ကို ကင်သည့် အနံ့များ ပင် သူတို့ နှာခေါင်းဝသို့ တထောင်းထောင်းရောက်လာ၏။

ကီနိုသည် တစ်ခဏမျှရပ်၍ စဉ်းစားလိုက်၏။ ဆရာဝန်ကား သူ၏ အမျိုးမဟုတ်ချေ။

ဆရာဝန်၏ အမျိုးအနွယ်ဖြစ်သော မျက်နှာဖြူများ သည် နှစ်ပေါင်း ၄၀၀-ခန့်မျှ သူတို့ အား ပစ္စည်းဥစ္စာ၊ လယ်ယာ၊ ကျွဲနွားများကို လုယက်တိုက်ခိုက်ခဲ့၏။

တစ်မျိုးလုံးအား တုန်လှုပ်စေခဲ့၏။

သို့နှင့် မျက်နှာဖြူလူမျိုးများ အနီးသို့ ချဉ်းကပ်လာလျှင်ပင် ကီနိုသည် ကြောက်ရွံ့မိ၏။ ရွံရှာမုန်းတီးမိ၏။ တွေ့ရင် စိတ်ဆိုးမိ၏။

ထိုလူမျိုးများကား ကီနိုကဲ့သို့ အသားမည်း ဆင်းရဲသား တံငါသည်များအား တိရစ္ဆာန်ပမာ သဘောထားကြ၏။

ကီနိုသည် တံခါးကြီး၏ သံကွင်းကိုခေါက်ရန် သူ၏ ညာဘက်လက်ကို မြှောက်လိုက်စဉ် ထိုအကြောင်းများကို စဉ်းစားမိသဖြင့် နှုတ်ခမ်းကို သွားဖြင့်ကိုက်ကာ အံကြိတ်၍ ထားမိ၏။

သို့သော် သူ၏ ဘယ်ဘက်လက်ဖြင့် ဦးထုပ်ကို ချွတ် လိုက်လေသည်။

သံကွင်းကြီးဖြင့် တံခါးကို ခေါက်လိုက်ပြီးနောက် ကီနိုသည် ဦးထုပ်ကို ချွတ်ကာ ရပ်လျက် စောင့်ဆိုင်းနေလေသည် ။

ကိုယိုတီတိုသည် စောင်ထဲမှ ညည်းညူလိုက်သဖြင့် ဂျူအာနာသည် ကလေးအား စုပ်သပ်ကာ ယုယစွာ ချော့မြှူ လိုက်လေသည် ။

နောက်က လူအုပ်ကြီးကလည်း ပို၍ စုရုံးချဉ်းကပ် လာလေသည် ။

တစ်ခဏမျှကြာသောအခါ တံခါးကြီးသည် လက်မအနည်းငယ်ခန့် ဟ၍ လာရာ ကီနိုသည် ထိုဟ၍ နေသော နေရာမှ ဥယျာဉ်အတွင်းရှိ အေးမြကြည်လင်သော ရေပန်းကလေးကို မြင်ရလေသည် ။

တံခါးဖွင့်ပေးသူကား သူတို့ လူမျိုး ဖြစ်၏။ သို့နှင့် ကီနိုက သူတို့ ၏ ရှေးဘာသာစကားဖြင့် ပြောလိုက်သည် ။

"ဒီမှာ ဗျ၊ ကျုပ်သားဦးကလေး ကျုပ်အသက်ကလေး ကင်းမြီးကောက်ထိုးလို့ ဗျာ ဆရာဝန်ကုမှ ဖြစ်မယ်၊ ဆရာဝန်လိုတယ်"

တံခါးကြီးသည် အနည်းငယ်ပြန်၍ စေ့သွားပြန်၏။

ထိုသူသည် ထိုဘာသာစကားကိုပင် မပြောလိုသည့်ဟန်ဖြင့် "ခဏနေဦး၊ ကျုပ်သွားပြောလိုက်ဦးမယ်..."ဟု မပြောချင်ပြောချင် တစ်ခွန်းမျှသာ ပြောပြီးလျှင် တံခါးကြီးလည်း ပြန်၍ ပိတ်သွားလေသည် ။

နေရောင်သည် ယခင်ကထက် ပူလောင်ပြင်းပြ လာပြီလျှင် တံငါသည် တစ်စု၏ အရိပ်များကို ဖြူဖွေးသော နံရံပေါ်တွင် ကျရောက်စေ၏။

အိမ်အတွင်းရှိ အိမ်ခန်းထဲ၌ ကား ဆရာဝန်သည် ခုတင်ပေါ်၌ ထိုင်နေ၏။

သူ၏ ကိုယ်ပေါ်၌ ကား ပါရစ်မှ ပါလာသော အနီရောင် ညဝတ်အင်္ကျီရှည်ကြီးကို ဝတ်ထားသည် ။

အနီးရှိ စားပွဲကလေးပေါ်တွင် ချောကလက်ရည်တစ်အိုး၊ ကြက်ဥကို

ထောင်၍ ထည့်ထားသည့် ကြွေခွက်ကလေးတစ်ခု၊ အသားကြော် ပန်းကန်ပြားတစ်ချပ်ရှိသည် ။

ဆရာဝန်သည် ကြက်ဥကို လက်မတစ်ဖက် လက်ညှိုးတစ်ဖက်ဖြင့် ညှပ်ကာ ငွေဇွန်းဖြင့် ခေါက်၍ သောက်လိုက်သည် ။

အသားကြော် တစ်ပန်းကန် ကုန်ရုံမျှနှင့်လည်း မတင်းတိမ်သေး။ အာသာငမ်းငမ်း ရှိတော့သည် ။

ဆရာဝန်ကြီးက အဆီအစိမ့်မှန်သမျှ စားသောက်နေသူဖြစ်၍ အလွန်ဝဖြိုးသည် ။ လည်ချောင်းတွင် အဆီများ ပိတ်လျက်ရှိသဖြင့် အသံလည်း အက်၍ နေသည် ။

သူ၏ လက်ယာဘက်စားပွဲတွင် အရှေ့တိုင်းဖြစ် မောင်းကလေးတစ်လုံးနှင့် စီးကရက်များ ထည့်သော ဘူးတစ်လုံးရှိသည် ။ အခန်းတစ်ခုလုံးမှာ သာသာယာယာမရှိလှ။ မှောင်၍ ဆိတ်ငြိမ်နေသည် ။

ဆွဲချိတ်ထားသော ဓာတ်ပုံများမှာ လည်း သွားလေသူ ဇနီးသည် ၏ ပုံမှ တစ်ပါး ဘာသာရေးနှင့် ပတ်သက်သည့် ရုပ်ပုံများ ဖြစ်သည် ။

သူ့ဘဝ၏ တစ်ခုတည်းသော အာသာဆန္ဒမှာ ပြင်သစ်ပြည်သို့ သွားရောက်လိုခြင်းဖြစ်၍ ဤမျှလောက် ဝင်ငွေ အနည်းငယ်နှင့်ပင် အမြောင်မယား တစ်ယောက်ထားကာ ဟိုတယ်များ တွင် စားလားသောက်လား ပျော်ပျော်ပါးပါး နေလိုခြင်းဖြစ်သည် ။

သူသည် ဘီစကွတ်တစ်ချပ်ကို ပါးစောင်တွင် ဝါးလိုက်ပြီးနောက် ချောကလက်ရည်ကို တစ်ဖန်ငုံ့ကာ ဒုတိယအကြိမ် မော့၍ ချလိုက်ပြန်သည် ။

သို့ရှိစဉ် တံခါးဖွင့်သော တံခါးစောင့်ရောက် လာပြီးနောက် သူ၏ အ

ရိပ်အကဲကိုကြည့်ကာ သူ့အား ဆရာဝန်မြင့်စေ့ရန် မတ်တတ်ရပ်၍ နေလိုက်သည် ။

"အင်း… ဘာလဲဟေ့"

"အိန္ဒိယလူမည်းတစ်ယောက်ပါ သခင်၊ ကလေးတစ်ယောက်ကို ချီလာတယ်။ ကလေးကို ကင်းမြီးကောက် ကိုက်လိုက်လို့ လို့ ပြောပါတယ် "

ဒေါသမထွက်နိုင်မီ ဆရာဝန်သည် သူ၏ ချောကလက်ရည် ခွက်ကို ညင်သာစွာ ချထားလိုက်သည် ။

"နေပါဦးကွဲ့ ဒီလူမည်းကောင်တွေရဲ့ ကလေးကို ကင်းမြီးကောက်ထိုးတာနဲ့ ငါနဲ့ ဘာဆိုင်သလဲ၊ ငါက ဒေါက်တာကွဲ့ နားလည်လား၊ တိရစ္ဆာန် ဆရာဝန် မဟုတ်ဘူး "

"မှန်ပါတယ် သခင်"

"သူ့မှာ ငွေရှိသလား၊ ဒီကောင်မျိုးတွေ ဘယ်တော့မှ ငွေမရှိဘူး။ ငါတစ်ယောက်တည်းသာ ဘာမှ ငွေမရဘဲနဲ့ လုပ်နေတာ၊ ငါလည်း ငြီးငွေ့လှပြီ၊ ဒီကောင်ငွေရှိရဲ့ လားဆိုတာ သွားမေးစမ်းပါဦး"

အစေခံသည် တံခါးကို အတန်ငယ်ဖွင့်၍ စောင့်နေသော လူစုကို ကြည့်လိုက်ပြန်၏။ ထို့နောက် လူမည်းတို့ ဘာသာဖြင့်…

"ဟေ့… မင်းမှာ ဆေးဖိုးဝါးခပေးဖို့ ငွေရှိရဲ့ လား"

ကီနိုသည် ခြုံထားသော စောင်အောက်မှ သူ၏ အတွင်းအိတ်သို့ စမ်းသပ်လိုက်ပြီးလျှင် အထပ်ထပ်ခေါက်၍ ထားသော စက္ကူတစ်ခုကို ထုတ်ယူလိုက်၏။

စက္ကူမှာ ဖုန်များ ၊ ချေးညှော်များ ဖြင့် ရစရာမရှိအောင် စွန်းထင်းပေကျံလျက်ရှိလေသည် ။

နောက်ဆုံး၌ ထိုစက္ကူထဲမှ ကလေးတွင် ပေါက်သည့် အနာများကဲ့သို့ ရွံရှာဖွယ် အဆင်းရှိသော အသွေးအရောင်မရှိသည့် ပုလဲကလေး ၈ လုံး ထွက် လာလေသည် ။

ယင်းတို့ က တန်ဖိုးပင်ရှိဟန် လက္ခဏာမရှိချေ။ အစေခံသည် စက္ကူထုပ်ကို ယူပြီးလျှင် တံခါးကို ပိတ်လိုက်ပြန်၏။

သို့သော် ထိုအချိန်တွင် ယခင်ကဲ့သို့ အချိန်မကြာလှချေ။

သူသည် စက္ကူထုပ်ကို ကီနိုအား ပြန်ပေးရန် တံခါးပေါက်ကို ယခင်ကထက် ခပ်ကျယ်ကျယ်ဖွင့်လေသည် ။

(အစေခံ) "ဆရာဝန်ကြီး အပြင်ထွက်သွားပြီ၊ မရှိတော့ဘူး။ အင်မတန်အရေးကြီးတဲ့ လူနာတစ်ယောက်အတွက် ခေါ်သွားတယ်"

ထို့နောက် သူသည် တံခါးကို လျင်မြန်စွာ ပြန်၍ ပိတ်လိုက်သည် ။

ထိုအခါ ဆင်းရဲသားလူအုပ်ကြီးတစ်ခုလုံးမှာ ရှက်ကြောက်သည့်ဟန်ဖြင့် မျက်နှာများ ပျက်သွာကြ၏။ ထိုနေရာမှ လူစုခွဲကြ၏။

သူတောင်းစားများ သည် လည်း ဘုရားရှိခိုးကျောင်းသို့ ပြန်သွားသည် ။

ကီနို၏ အိမ်နီးပါးချင်းများ သည် လည်း ကီနိုအရှက်ရသည် ကို မကြည့်ရက်သဖြင့် အလျှိုအလျှို ထွက်သွားကြသည် ။ ကီနိုကား သူ့နံဘေးတွင် ရှိသော ဂျူအာနာနှင့်အတူ တံခါးရှေ့တွင် တွေတွေကြီးရပ်လျက်ရှိ၏။

ထို့နောက် သူ့ဦးထုပ်ပျော့ကို ဆောင်းလိုက်ပြီးလျှင် ပါးစပ်မှ တစ်စုံ

တစ်ရာ မပြောဘဲ တံခါးရွက်ကို လက်သီးဖြင့် ခပ်ပြင်းပြင်း တစ်ချက် ထိုးလိုက်၏။

တံခါးမှာ တစ်စုံတစ်ရာ မဖြစ်သော်လည်း သူ၏ လက်ခေါက်မှာ ကွဲ၍ သွားပြီးလျှင် လက်ချောင်းများ အကြားသို့ ၎င်းမှ သွေးများ ဖြာကျလျက်ရှိလေသည် ။

***